


# ဓနုတို့၏အချက်အချာနယ်မြေတွင် စစ်ကောင်စီက ပြင်းထန်စွာပိုမိုပြုလုပ်လာသည့် အစုအပြုံလိုက် ညှဉ်းပန်းနှိပ်စက်မှုများ

ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်

**April 2025**








# ခနတို့၏ အချက်အချာနယ်မြေတွင်

# စစ်ကောင်စီက ပြင်းထန်စွာပိုမိုပြုလုပ်လာသည့်

# အစုအပြုံလိုက် ညှဉ်းပန်းနှိပ်စက်မှုများ

# မာတိကာ

..........................


၁။ အနှစ်ချုပ်..............................................................၁

၂။ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်စဉ်မှစ၍ ရှာငံနှင့် ပတ်ဝန်းကျင်
ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော တော်လှန်ရေးလှုပ်ရှားမှုများ.....၅

၃။ ရှာငံနှင့် ပတ်ဝန်းကျင်ဒေသရှိ လူ့အခွင့်အရေးချိုးဖောက်မှု
ကျူးလွန်သူများ.......................................................၈

၄။ စစ်ကောင်စီတပ်၏ ဖျက်ဆီးမှုများ၊ မီးရှို့မှုများနှင့်
ဖောက်ထွင်းလုယူမှုများ..............................................၉

၅။ မတရားဖမ်းဆီးမှုများ၊ ညှင်းပန်းနှိပ်စက်မှုများနှင့်
သတ်ဖြတ်မှုများ......................................................၂၂

၆။ စစ်ကောင်စီတပ်သားများ၏ လိင်ပိုင်းဆိုင်ရာ
အကြမ်းဖက်မှုများ....................................................၂၇

၇။ ရှာငံမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့တွင် စစ်ကောင်စီ၏
လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများ......၃၀

၈။ လူ့အခွင့်အရေးချိုးဖောက်ခံရသူများနှင့်
မျက်မြင်သက်သေတို့၏ ထွက်ဆိုချက်များ.........................၃၅

# ၁ | အနှစ်ချုပ်

ယခုအစီရင်ခံစာသည် ၂၀၂၂ ခုနှစ်၊ နှစ်လယ်ပိုင်းမှစ၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်၊ ရွာငံနှင့် ထိစပ်လျက်ရှိသော မြို့နယ်များနှင့် မန္တလေးတိုင်းတို့တွင် စစ်ကောင်စီတပ်သားများ၊ ရဲများနှင့်ဒေသခံပျူစောထီးများက ဒေသခံရွာသားများကို လူ့အခွင့်အရေးချိုးဖောက်မှုများ ပို၍ပြင်းထန်စွာ လုပ်ဆောင်လျက်ရှိသည့် အကြောင်းများကို မှတ်တမ်းတင်ဖော်ပြထားခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ အစုအပြုံလိုက် ညှင်းပန်းနှိပ်စက်မှုများကို တိုးမြှင့်လုပ်ဆောင်နေခြင်းသည် အဆိုပါဒေသများ၌ ဓနုကာကွယ်ရေးတပ်ဖွဲ့နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့၏ ဩဇာလွှမ်းမိုးလာမှုများကို တိုက်ရိုက်တုန့်ပြန်ရန်ဖြစ်ကြောင်း ထင်ရှားသည်။

SHRF သည် ၂၀၂၁ ခုနှစ်၊ https://burmese.shanhumanrights.org/extrajudicial-killing-torture-arbitrary-arrest-looting-torching-of-houses-by-sac-troops-in-ywangan-southern-shan-state/ ဖေဖော်ဝါရီလ အာဏာသိမ်းမှုဖြစ်စဉ်မှစ၍ ရွာငံမြို့နယ်ရှိ ကျေးရွာငါးရွာတွင် စစ်ကောင်စီတပ်သားများ၏ တရားလက်လွတ် သတ်ဖြတ်မှုများ၊ ညှင်းပန်းနှိပ်စက်မှုများ၊ ဥပဒေမဲ့ဖမ်းဆီးမှုများ၊ ဖောက်ထွင်းလုယူမှုများနှင့် မီးရှို့ဖျက်ဆီးမှုများကို မှတ်တမ်းတင်စာရင်းပြုစုထားပါသည်။ ယခုနောက်ဆုံးအစီရင်ခံစာတွင် ၂၀၂၂ ခုနှစ်မေလမှစ၍ စစ်ကောင်စီတပ်သားများ၏ အကြမ်းဖက်မှုများကို ခံရသော ဒေသများ ပိုမိုကျယ်ပြန့်လာခဲ့ပြီး ရွာငံမြို့နယ်ရှိ ကျေးရွာ ၁၄ ရွာ အပါအဝင် မန္တလေးတိုင်း သာစည်မြို့နယ်တို့တွင် အကြမ်းဖက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း ဖော်ပြထားသည်။

လွန်ခဲ့သောလများအတွင်း ထိုနေရာတိုင်းတွင် မီးရှို့ဖျက်ဆီးနှုန်းမှာ သိသိသာသာမြင့်တက်လျက်ရှိသည်။ အစောပိုင်းကာလများက တော်လှန်ရေးအဖွဲ့များနှင့် ချိတ်ဆက်မှုရှိသည်ဟု သံသယဝင်ခံရသော သူများ၏

အိမ်များသာ မီးရှို့ဖျက်ဆီးခံရသော်လည်း ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရွာင်မြို့ အနောက်တောင်ဘက်ရှိ မင်းပလောင်ကျေးရွာ တစ်ခုလုံးရှိ နေအိမ်များ မီးရှို့ဖျက်ဆီးခံခဲ့ရပြီး နေအိမ် စုစုပေါင်း ၁၇၀ လုံးကို စစ်ကောင်စီတပ်မ ၅၅ တပ်သားများက ခနုတော်လှန်ရေးတပ်ဖွဲ့ များ၏တိုက်ခိုက်မှုကို အစုအပြုံလိုက်အပြစ်ပေးသည့်အနေဖြင့် မီးရှို့ပြာ ချခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ စစ်ကောင်စီသည် ခနုတော်လှန်ရေးတပ် ဖွဲ့များကို လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးဖြင့်အပြင်းအ ထန် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဒီဇင်ဘာလ ၁၈ ရက်နေ့ မှ ဇန်နဝါရီလ ၁၆ ရက်နေ့အတွင်း ရပ်စောက်မြို့နယ် မြောက် ဖက်ရှိ ကျောက်ဂူကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက် ကြီးပစ်ခတ်မှုများပြုလုပ်ခဲ့သဖြင့် ကျေးရွာသား ၃ ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင်ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရွာင်ကို လေ ကြောင်းတိုက်ခိုက်မှုပြုလုပ်သဖြင့် နေအိမ်အချို့ထိခိုက်ပျက်စီးခဲ့သည်။

ဤအစီရင်ခံစာတွင် စစ်ကောင်စီတပ်သားများ ကျူးလွန်လျက်ရှိသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုလည်း မီးမောင်းထိုးပြထားပြီး ထိုအထဲတွင် ၂၀၂၃ ခုနှစ် မေလက တပ်မ ၅၅ တပ်သားများ၏ အုပ်စု ဖွဲ့မုဒိန်းပြုကျင့်ခြင်းခံရသော အမျိုးသမီးသုံးဦးအကြောင်းနှင့် ရွာင်မြို့ တွင် ဖမ်းဆီးခံရကာ လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခံရပြီးနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မဖြင့် ထောင်ဒဏ် ၁၂ နှစ် ချ မှတ်ခံခဲ့ရသော ၂၃ နှစ်အရွယ်အမျိုးသမီးတစ်ဦးအကြောင်းတို့ပါဝင် သည်။

စစ်ကောင်စီတပ်၏ ပိုမိုပြင်းထန်လာသော ညှင်းပန်းနှိပ်စက်မှုများ၊ အ ထူးသဖြင့် မီးရှို့ဖျက်ဆီးမှုများကြောင့် ယခုအချိန်တွင် နေရပ်စွန့်ခွာ ထွက်ပြေးသူ ၁၀၀၀ ကျော်ရှိလာခဲ့ပြီး ၎င်းတို့သည် ရွာင်ရှိ တောတောင်

များတွင် သွားရောက်ခိုလှုံနေကြရသည်။ စစ်ကောင်စီ၏ စစ်ဆင်ရေးများကြောင့် အချို့မှာကြိမ်ဖန်များစွာ ထွက်ပြေးကြရသည်။ ထိုကဲ့သို့ ဆင်းရဲဒုက္ခများစွာကို ကြုံတွေ့နေရသော်လည်း ထိုနေရပ်စွန့်ခွာထွက်ပြေးသူများသည် လူသားချင်းစာနာမှုအကူအညီများ လုံးဝမရသလောက်နီးပါး ဖြစ်နေသည်။




*မင်းပလောင်ကျေးရွာတွင်*
*စစ်ကောင်စီစစ်ကြောင်းမှမီးရှို့ဖျက်ဆီးလိုက်သောအိမ်များ*

## ရွာငံနှင့် ပတ်ဝန်းကျင်ဒေသများတွင် ဖြစ်ပွားခဲ့သော စစ်ကောင်စီ၏ နှိပ်စက်မှုများ

ဖေဖော်ဝါရီလ၂၀၂၁ မှ ဧပြီလ ၂၀၂၂ ထိ

မေလ ၂၀၂၂ မှ ဇန်နဝါရီလ ၂၀၂၃ ထိ



# ၂ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်စဉ်မှစ၍ ရှာင်နှင့်ပတ်ဝန်းကျင်ဒေသများတွင်ဖြစ်ပေါ် လျက်ရှိသော တော်လှန်ရေးလှုပ်ရှားမှုများ

ရှာင်သည် ခနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မြို့နယ်၂ ခုမှ တစ်ခုဖြစ်ပြီး အခြားတစ်ခုမှာ ပင်းတယဖြစ်သည်။ ရှာင်မြို့နယ်သည် ရှမ်းကုန်းပြင်မြင့်အနောက်စွန်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မန္တလေးတိုင်းအစပ်တွင် တည်ရှိသည်။ ရှာင်-ဟန်မြင့်မိုလမ်းမှတဆင့် မန္တလေးမြို့နှင့် ကျောက်ဆည်မြို့ကို အလွယ်တကူသွားနိုင် သကဲ့သို့ ရှာင်-အောင်ဗန်း-ဟဲဟိုးလမ်းမှတဆင့် စစ်ကောင်စီ၏ အရှေ့ပိုင်းတိုင်းစစ်ဌာချုပ်အခြေစိုက်ရာ တောင်ကြီးမြို့သို့ အလွယ်တကူသွားနိုင်သည်။ ရှာင်-ပင်းတယ-ရပ်စောက်လမ်းဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းကိုလည်း ဆက်သွယ်ထားသည်။


ရှာင်သည် ယခင်က ပဋိပက္ခဖြစ်ပွားရာဒေသမဟုတ်သော်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှုဖြစ်စဉ်ကြောင့် တစ်တိုင်းပြည်လုံးရှိ ပြည်သူများကဲ့သို့ ရှာင်ရှိပြည်သူများသည် စစ်အာဏာရှင်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများ၊ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှား မှုများတွင် ပါဝင်ခဲ့ကြသည်။ စစ်ကောင်စီက မတရားဖမ်းဆီးမှုများနှင့်ရက်စက်စွာ နှိမ်နင်းမှုများပြုလုပ်လာသောအခါ ရှာင်မှလူငယ်လူရွယ်များသည် အနီးနားရှိလူမျိုးစုလက်နက်ကိုင်တပ်များ ထိန်းချုပ်ရာနေရာများသို့ သွားရောက်ခိုလှုံခဲ့ရပြီး အာဏာသိမ်းစစ်တပ်ကိုလက်နက်ကိုင်နည်းဖြင့် တော်လှန်ရန် ထိုတပ်ဖွဲ့များထံ စစ်သင်တန်းတက်ရောက်ခဲ့ကြသည်။

၂၀၂၁ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့များထံ စစ်ပညာသင်ယူခဲ့သော လူငယ်အချို့သည် ရှာင်ဒေသသို့ပြန်လာပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ဖွဲ့စည်းခဲ့သည်။ ၂၀၂၁ အကုန်တွင် ထို

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များသည် ရှာငံဒေသရှိ စစ်ကောင်စီတပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့များကို ပျောက်ကြားတိုက်ခိုက်လာခဲ့သည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ အရှိန်တိုးမြှင့်တိုက်ခိုက်မှုများကို ကြုံတွေ့လာရသောအခါ စစ်ကောင်စီသည် ရက်စက်ကြမ်းကြုတ်သောတန် ပြန်တိုက်ခိုက်မှုများဖြင့် တုန့်ပြန်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မေလအတွင်း ပဲရင်းတောင်ရွာနှင့် နွားဘန်းကြီးရွာတို့တွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တည်နေရာ



စစ်ကောင်စီ၏ အရပ်သားများအပေါ်ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် မူလကရှိခဲ့သော တော်လှန်ရေးတပ်ဖွဲ့များသည် တောတောင်ထူထပ်သောနေရာများသို့ ပြောင်းရွှေ့ခဲ့ရသည်။ အချို့အဖွဲ့များသည် အခြား သောလူမျိုးစုလက်နက်ကိုင်များ ထိန်းချုပ်ရာဒေသများသို့ ခေတ္တ သွားရောက် ခိုလှုံခဲ့ကြရသည်။

ထိုကဲ့သို့ အစောပိုင်းတွင် ဆုတ်ခွာမှုများပြုလုပ်ခဲ့ရသော်လည်း လွန်ခဲ့သည့်နှစ်ပိုင်းအတွင်း ရှာင်ဒေသတွင် တော်လှန်ရေးလှုပ်ရှားမှုများ ပြန်လည်စုစည်းမိလာပြီး တော်လှန်ရေးတပ်ဖွဲ့ဝင်များသည် အရေအတွက်နှင့်အင်အားများ တိုးပွားလာသည်။

လက်ရှိအချိန်တွင် အောက်ပါဒေသခံတော်လှန်ရေးတပ်ဖွဲ့များသည် ရှာင်မြို့နယ်အပါအဝင်ထိစပ်လျက်ရှိသော မြို့နယ်များတွင် လှုပ်ရှားလျက်ရှိသည်။

- ဓနုအမျိုးသားလွတ်မြောက်ရေးတပ်မတော်(DPLA)
- ဓနုပြည်နယ်ကာကွယ်ရေးတပ်တော် (DSNDA)
- ဓနုပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ၂ ဖွဲ့
- ရှာင်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့
- ဂျိုးဖြူမြို့ပြပျောက်ကြားတပ်ဖွဲ့

အခြားဒေသမှ တော်လှန်ရေးတပ်ဖွဲ့များသည်လည်း ရှာင်တွင် ဒေသကာကွယ်ရေးတပ်ဖွဲ့များနှင့်ပူးပေါင်း၍ လှုပ်ရှားနေသည်များလည်း ရှိသည်။ ၎င်းတို့မှာ

- အလယ်ပိုင်းတိုင်းတော်လှန်ရေးမဟာမိတ်များတပ်ပေါင်းစု (CRC-PLA)
- မှော်ဘုရင်စစ်ကြောင်း

# ၃ | ရှာင်နှင့် ပတ်ဝန်းကျင်ဒေသရှိ လူ့အခွင့်အရေး ချိုးဖောက်မှုကျူးလွန်သူများ

ရှာင်ဒေသတွင် အဓိကစစ်ရေးလှုပ်ရှားလျက်ရှိသော စစ်ကောင်စီတပ်မှာ ကလောအခြေစိုက် ခြေမြန်တပ်မ ၅၅ ဖြစ်ပြီး ထိုတပ်မသည် ရှာင်မြို့နယ်တွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အဓိကတာဝန်ရှိသူဖြစ်သည်။ ထို့အပြင် မိတ္ထီလာအခြေစိုက် တပ်မ ၉၉ သည်လည်း ရှာင်ဒေသအတွင်းရှိ စစ်ဆင်ရေးများတွင် တခါတရံပူးပေါင်းပါဝင်လျက်ရှိသည်။

စစ်ကောင်စီတပ်ဖွဲ့များနှင့်အတူ ရှာင်ဒေသအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်လျက်ရှိသော အခြားသူများမှာ စစ်ကောင်စီက လေ့ကျင့်ပေးထားသည့် ဒေသခံပျူစောထီးတပ်ဖွဲ့ဝင်များဖြစ်သည်။ ၂၀၂၂ ခုနှစ် မတိုင်မီက ရှာင်တွင်အခြေစိုက်သော စစ်ကောင်စီတပ်ဖွဲ့ဝင်များ မရှိခဲ့ပါ။ သို့ရာတွင် ၂၀၂၂ ခုနှစ်၊ မတ်လမှစ၍ ရာနှင့်ချီသော တပ်မ ၅၅ တပ်ဖွဲ့ဝင်များသည် ရှာင်မြို့တောင်ဖက်စွန်းရှိ ပဲရင်းတောင်ကျေးရွာဘုန်းကြီးကျောင်းတွင် တပ်စွဲလာခဲ့သည်။ ထို့နောက် ၂၀၂၂ ခုနှစ် မေလတွင် တပ်မ ၅၅ တပ်ဖွဲ့ဝင်များသည် ရှာင်မြို့မြောက်ဖက် နွားဘန်းကြီးကျေးရွာရှိ အထက်တန်းကျောင်းတွင် နောက်ထပ်အခြေစိုက်စခန်း ဖွင့်ပြီး တပ်စွဲခဲ့သည်။

ရပ်စောက်မြို့နယ်မြောက်ပိုင်း၊ ကျောက်ဂူမြို့တွင် ကျောက်ဂူအခြေစိုက် အမြောက်တပ် အမတ ၃၄၉ နှင့် ကျောက်ဂူနှင့်နမ့်လန်ကြား ဆက်သွယ်ထားသောလမ်းပေါ်ရှိ နောင်ပိုကျေးရွာတွင် အခြေစိုက်သည့် ခလရ ၂၉၂ တို့သည် အဆင်အခြင်မဲ့ လက်နက်ကြီးပစ်ခတ်မှုများ ပြုလုပ်လျက်ရှိသည်။

# ၄ | စစ်ကောင်စီတပ်၏ ဖျက်ဆီးမှုများ၊ မီးရှို့မှုများနှင့် ဖောက်ထွင်း လုယူမှုများ

စစ်ကောင်စီတပ်သည် ၂၀၂၂ မေလမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရွှေဘိုမြို့နယ်နှင့် ကပ်လျက်ရှိသော သာစည်မြို့နယ်တစ်လျှောက်ရှိ ကျေးရွာ/ရပ်ကွက် ၁၀ ခုမှ အနည်းဆုံး နေအိမ် ၂၀၅ လုံးနှင့် တဲ ၇ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

ထိုကဲ့သို့ စနစ်တကျပြင်ဆင်ပြီး ကျေးရွာသားများ၏ နေအိမ်များကို ဖျက်ဆီးပစ်ရန် အဓိကပစ်မှတ်ထားသော လုပ်ဆောင်ချက်များသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ထောက်ပံ့ခြင်း၊ ထိုကာကွယ်ရေးတပ်ဖွဲ့ဝင်များ၏ အမျိုးများဖြစ်ခြင်း၊ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ကြသော အစိုးရဝန်ထမ်းများနှင့် ပြည်သူများဖြစ်ခြင်းစသော အကြောင်းပြချက်များကြောင့် ဖြစ်သည်။

၂၀၂၂ ခုနှစ် မေလမတိုင်မီက စစ်ကောင်စီသည် နွားဘန်းကြီးကျေးရွာရှိ အကြမ်းမဖက်ဆန္ဒပြခြင်းကိုဦးဆောင်သူများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် အဆက်အသွယ်ရှိသည်ဟု ၎င်းတို့ယူဆသောသူများ၏ နေအိမ်များကို အဓိကပစ်မှတ်ထား မီးရှို့ဖျက်ဆီးခဲ့သဖြင့် နေအိမ် ၁၁ လုံးပြာကျပျက်စီးခဲ့သည်။ မီးရှို့ဖျက်ဆီးခံရသော နေအိမ် ၅ လုံးမှ ပိုင်ရှင်များသည် ဖမ်းဆီးခြင်းခံခဲ့ရပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် ထောင် ၆ နှစ် ချခံရသည်။

၂၀၂၂ခုနှစ်၊ နှစ်လယ်တွင် စစ်ကောင်စီတပ်ဖွဲ့၏ မီးရှို့ဖျက်ဆီးမှုများသည် တော်လှန်ရေးတပ်ဖွဲ့များ အားကောင်းလာသည့် ကျေးရွာများနှင့် ပတ်လည်ရှိ ဒေသများအထိ ပျံ့နှံ့လာသည်။

စစ်ကောင်စီတပ်သားများသည် နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း မပြုမီတွင် နေအိမ်အတွင်းရှိ တန်ဖိုးကြီးပစ္စည်းများဖြစ်သည့် ရွှေ၊ ငွေနှင့်

အခြားပိုင်ဆိုင်မှုများကို စနစ်တကျ ဖောက်ထွင်းလုယူပြီး နေအိမ်ရှိ အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးပစ်ကာ အိမ်ကိုမီးရှို့ကြသည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ၎င်းတို့မီးရှို့ဖျက်ဆီးခဲ့သော နေအိမ်များသို့ပြန်လာပြီး ပြာကျပျက်စီးခြင်းရှိမရှိကို သေချာအောင်စစ်ဆေး၍ လိုအပ်ပါက နောက်တစ်ဖန်မီးရှို့ကြသည်ကို ကြည့်ခြင်းအားဖြင့် ထိုလုပ်ရပ်များသည် တမင်ရည်ရွယ်တွက်ချက်ထားသော အရာများဖြစ်သည်မှာ ထင်ရှားလျက်ရှိသည်။


၂၀၂၃ ခုနှစ်၊ မေလ ၃ ရက်နေ့နှင့် ၄ ရက်နေ့တွင် ရှောင်မြို့နယ် ရှောင်-သာစည် စပ်ကြားအနီးရှိတောတွင် စစ်ကောင်စီတပ်သားများနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုနောက်ပိုင်း ၂၀၂၃ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် စစ်ကောင်စီတပ်သားများသည် မျက်ခါးအင်းကျေးရွာသို့ ရောက်ရှိလာခဲ့ပြီး ထိုကျေးရွာတွင် ရွာသားများသည် ဘုရားတည်ရန် ပြင်ဆင်နေကြသည်။ စစ်ကောင်စီတပ်သားများသည် ဘာသာရေးပွဲတော်အတွက် လှူဒါန်းထားသော ငွေများကို သိမ်းယူခဲ့ပြီး အမျိုးသမီးတစ်ဦးကိုဖမ်းဆီးကာ ကျေးရွာအတွင်းရှိ နေအိမ် ၁၅ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

စစ်ကောင်စီတပ်သားများသည် ကျေးရွာများရှိ နေအိမ်များကို ဖျက်ဆီးနေသည့် ၎င်းတို့၏လုပ်ရပ်များကို ရပ်တန့်ခြင်းမရှိသည့်အပြင် တောတောင်များရှိ စစ်ဘေးရှောင်များ၏ ယာယီအဆောက်အဦးနှင့် တဲများကိုပါ ဖျက်ဆီးပစ်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် တပ်မ ၅၅ တပ်သားများ ဒေသခံပြည်သူ့စစ်များနှင့်အတူ ပန်းလောင်မြစ်အနီးရှိ ပက်ချောင်းကျေးရွာပြန်လည်နေရာချသည့်နေရာတွင် စစ်ဆင်ရေးပြုလုပ်ခဲ့သည်။ ထိုအတောအတွင်း ၎င်းတို့သည် စစ်ဘေးရှောင် ယာယီအဆောက်အဦးနှစ်ခုကို မီးရှို့ခဲ့သည်။ ထို့ပြင် ၎င်းတို့သည် ဒေသခံတစ်ဦးပိုင်ဆိုင်သော နွားတစ်ကောင်ကိုလည်း သတ်ဖြတ်စားသောက်ခဲ့ကြသည်။

၂၀၂၄ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် စစ်ကောင်စီစစ်ကြောင်းတစ်ခုသည် တပ်သားသစ်စုဆောင်းရန်အတွက် ကျောက်တောကျေးရွာနှင့် ညောင်ပင်သာကျေးရွာသို့ ဦးတည်လာခဲ့သည်။ သို့ရာတွင် ညောင်ပင်သာကျေးရွာသို့မရောက်မီ စစ်ကောင်စီတပ်နှင့် ဒေသကာကွယ်ရေးတပ်ဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။ နောက်တစ်နေ့ မတ်လ ၁၈ ရက်နေ့တွင် စစ်ကောင်စီတပ်သားများသည် ညောင်ပင်သာကျေးရွာနှင့် ကျောက်တောကျေးရွာသို့ ရောက်ရှိခဲ့ပြီး ဒေသခံကျေးရွာသားများ၏ မွေးမြူရေးတိရိစ္ဆာန်များကို သတ်ဖြတ်စားသောက်ခြင်း၊ ဈေးဆိုင်များကို ဖျက်ဆီးခြင်းများပြုလုပ်ပြီး ကျောက်တောဘုန်းကြီးကျောင်းတွင် လှူဒါန်းထားသော အလှူငွေများကို လုယူခဲ့သည်။ အကျိုးဆက်အနေဖြင့် ဒေသခံကျေးရွာသားများသည် အနီးနားရှိ တောတောင်များနှင့် ရှာငံ-သာစည် နယ်စပ်ရှိ ကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ဝမ်းနည်းစွာပင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်းတောတွင် မီးဖွားနေစဉ် သေဆုံးခဲ့သည်။

မိမိတို့နေအိမ်များ မီးရှို့ဖျက်ဆီးခံခဲ့ရသည့် ဒေသခံများသည် ၎င်းတို့၏ မူလနေရပ်ကျေးရွာများသို့ ပြန်လည်နေထိုင်ခြင်း မပြုရဲကြတော့ပေ။ ၎င်းတို့သည် အနီးနားရှိ တောများနှင့် တောင်များသို့ ထွက်ပြေးခိုလှုံကြရပြီး ဆင်းရဲဒုက္ခများစွာကို ကြုံတွေ့ခဲ့ရသည်။

## ရွာငံနှင့် သာစည်မြို့နယ်တို့တွင် စစ်ကောင်စီတပ်သားများ၏ မီးရှို့မှုများနှင့် ဖောက်ထွင်းလုယူမှုများ
(မေလ ၂၀၂၂ - ဒီဇင်ဘာလ ၂၀၂၄)



## မင်းပလောင်ကျေးရွာမီးရှို့ဖျက်ဆီးခံရခြင်း

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် စစ်ကောင်စီတပ်မ ၅၅ မှ ရာနှင့်ချီသော တပ်သားများသည် ရှာငံမြို့တောင်ပိုင်း တောင်ကုန်းများပေါ်ရှိ မင်းပလောင်ကျေးရွာသို့ ဦးတည်လာခဲ့သည်။ လာရာလမ်းတွင် စစ်ကောင်စီသည် ဒေသကာကွယ်ရေးတပ်ဖွဲ့ဖြစ်သည့် ဓနုပြည်နယ်ကာကွယ်ရေးတပ်မတော် DSNDA နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်ကောင်စီတပ်သားများသည် မင်းပလောင်ကျေးရွာသို့ ဆက်လက်ဦးတည်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့ နံနက် ၁၀ နာရီဝန်းကျင်တွင် ကျေးရွာတစ်ခုလုံးကို မီးရှို့ခဲ့သဖြင့် ခန့်မှန်းခြေ နေအိမ် ၁၇၀ လုံး ပျက်စီးခဲ့သည်။ ထိုနေ့တွင် စစ်ကောင်စီ၏ ဂျက်ဖိုက်တာလေယာဉ်များနှင့် ရဟတ်ယာဉ်များက ရွာပတ်ပတ်လည်ရှိ တောတောင်များကို ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ပျက်စီးမှုများပိုမိုဖြစ်ပွားခဲ့သည်။

၈၀၀ ဦးခန့်ရှိသော မင်းပလောင်ဒေသခံကျေးရွာသားအားလုံးသည် အနီးနားရှိ တောများနှင့် ကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထိုကျေးရွာသားများသည် ယနေ့အချိန်ထိ တိမ်းရှောင်နေရဆဲဖြစ်ပြီး ၎င်းတို့၏ကျေးရွာဖြစ်သည့် မင်းပလောင်တွင် စစ်ကောင်စီက တပ်စွဲထားသဖြင့် နေရပ်မပြန်နိုင်ကြပေ။

| ရှာင်မြို့နယ်နှင့် သာစည်မြို့နယ်တွင် စစ်ကောင်စီတပ်၏ မီးရှို့ဖျက်ဆီးမှုနှင့် ဖောက်ထွင်းလုယူမှုများကြောင့် အရပ်သားပိုင်ဆိုင်မှု ပျက်စီးဆုံးရှုံးခြင်း (၂၀၂၂ခုနှစ် မေလ - ၂၀၂၄ခုနှစ် ဒီဇင်ဘာလ) | | | | |
|---|---|---|---|---|
| စဉ် | ရက်စွဲ | ကျေးရွာ/ရပ်ကွက်/မြို့နယ် | ဖြစ်စဉ် | ပျက်စီးဆုံးရှုံးမှု |
| ၁ | ၂၀၂၂ မေလ | လယ်ကိုင်းကျေးရွာ ရှာင်မြို့နယ် | ညစနာရီတွင် စစ်ကောင်စီ တပ်မ ၅၅ တပ်သားများ နှင့် ဒေသခံ ပြည်သူ့စစ် များ ရောက်လာပြီးနေအိမ် ၁ လုံးကို မီးရှို့ | နေအိမ် ၁ လုံး မီးလောင် |
| ၂ | ၁၀.၆.၂၀၂၂ | နွားဘန်းကြီးကျေးရွာ ရှာင်မြို့နယ် | စစ်ကောင်စီတပ်သား ၅၀ ဦးခန့် နေအိမ် ၁ လုံးရှိ ပစ္စည်းများကို ဖျက်ဆီးပြီး အိမ်ကိုမီးရှို့ | နေအိမ် ၁ လုံး ဖျက်ဆီးခံရပြီး မီးရှို့ခံရ |
| ၃ | ၁၁.၆.၂၀၂၂ | နွားဘန်းကြီးကျေးရွာ ရှာင်မြို့နယ် | ညစနာရီခန့်တွင်စစ်ကောင် စီတပ်သား ၅ ဦး အိမ်၂ လုံး ကို မီးရှို့ | နေအိမ် ၂ လုံး မီးလောင် |

| | | | | |
|---|---|---|---|---|
| ၄ | ၁၁.၆.၂၀၂၂<br>၂၅.၇.၂၀၂၂ | နွားဘန်းကြီးကျေးရွာ<br>ရွှာင်မြို့နယ် | ဇွန်လ ၆ ရက်တွင် ည ၈ နာရီခန့်တွင် စစ်ကောင်စီ တပ်သား ၅ ဦး နေအိမ် ၁ လုံးကို မီးရှို့ ၂၀၂၂၊ဇွန်လိုင် လ ၂၅ ရက်နေ့တွင်အိမ်၏ မလောင်သေး သော အစိတ် အပိုင်း ထပ်မံမီးရှို့ | နေအိမ် ၁ လုံး မီးလောင် |
| ၅ | ၁၆.၆.၂၀၂၂ | ပဲရင်းတောင်ကျေးရွာ<br>ရွှာင်မြို့နယ် | စစ်ကောင်စီတပ်သား ၅၀ ဦးခန့်နှင့် ပြည်သူ့စစ် များ အိမ်၁လုံးရှိ ပစ္စည်း များခိုး ယူပြီး အိမ်ကို မီးရှို့ | နေအိမ် ၁ လုံး ဖောက်ထွင်းခံရပြီး မီးလောင် |
| ၆ | ၂၅.၃.၂၀၂၃ | ငှက်သောက်ကျေးရွာ<br>တပင်ပျော်အုပ်စု<br>ရွှာင်မြို့နယ် | စစ်ကောင်စီတပ်မ ၅၅ တပ် သားများ ရွာသို့ဝင် လာပြီး နေအိမ် ၂ လုံးကို ဖောက် ထွင်းကာ မီးရှို့ | နေအိမ် ၂ လုံး ဖောက်ထွင်းခံရပြီး မီးလောင် |

| | | | | |
|---|---|---|---|---|
| ၇ | ၁၁.၄.၂၀၂၃ | လွစင်ကျေးရွာ<br>နမ့်ခုံးအုပ်စု<br>ရှာငံမြို့နယ် | နံနက်၁နာရီခန့်တွင် စစ်<br>ကောင်စီတပ်မ ၅၅ တပ်<br>သား ၅၀ ဦးခန့်၊ ဒေသ ခံ<br>ပြည်သူ့စစ်နှင့် ပေါင်းထား<br>သော ၅၅ ဦးခန့်ပါ တပ်စု<br>ရွာသို့ဝင်ပြီး နေအိမ် ၂ လုံး<br>ဖောက်ထွင်းကာ မီးရှို့ | နေအိမ် ၂ လုံး<br>ဖောက်ထွင်းခံရပြီး<br>မီးလောင် |
| ၈ | ၆.၅.၂၀၂၃ | မျက်ခါးအင်းကျေးရွာ<br>သာစည်မြို့နယ်<br>မန္တလေးတိုင်း | စစ်ကောင်စီတပ်မ ၅၅<br>တပ်သားများ ရွာသို့ဝင်<br>လာပြီး ဘာသာရေးပွဲ<br>တော်အတွက် လှူဒါန်း<br>ထားသော အလှူငွေကို<br>သိမ်းယူကာ အမျိုးသမီး<br>၁ဦးကို ဖမ်း၊ နေအိမ် ၁၅<br>လုံးကို မီးရှို့ | အလှူငွေ လုယူခံရ၊ နေအိမ်<br>၁၅ လုံး မီးလောင် |
| ၉ | ၂၀၂၃ မေလ | လွစင်ကျေးရွာ<br>နမ့်ခုံးအုပ်စု | ည ၁၁ ခန့်တွင် စစ်ကောင်<br>စီတပ်မ ၅၅ တပ်သားများ | နေအိမ်၁လုံး၊ ဆိုင် ၁ ဆိုင်<br>မီးလောင်၊အိမ်ရှင်ပျောက်ဆုံး |

| | | | | |
|---|---|---|---|---|
| | | ရှာငံမြို့နယ် | နှင့် ဒေသခံပြည်သူ့စစ်များ အိမ်၁လုံးနှင့် အနီးရှိ ဆိုင် တစ်ဆိုင်သို့ ရောက်လာပြီး မီးရှို့၊ ထို့နောက် မီးမရှို့ရန် စစ်သားများကို တောင်း ပန်သော အိမ်ရှင်ဦးဘဝေ ပျောက်ဆုံး | |
| ၁၀ | ၃၁.၇.၂၀၂၃ | ပဲရင်းတောင်ကျေးရွာ ရှာငံမြို့နယ် | ညသခနဲ့တွင် စစ်ကောင်စီ တပ်မ ၅၅ တပ်သားများ နှင့် ဒေသခံ ပြည်သူ့စစ် များ အိမ် ၂ လုံးကို ဝင် ရောက်ကာ ပိုင်ဆိုင်မှု ပစ္စည်းများ လုန်လှောရှာ ပြီး မီးရှို့ | နေအိမ် ၂ လုံး ဝင်ရောက်ရှာဖွေခံရ ပြီး မီးလောင် |
| ၁၁ | ၂၀၂၃ ဩဂုတ်လ | လွှစင်ကျေးရွာ နမ့်ခုံးအုပ်စု ရှာငံမြို့နယ် | ည ၉ နာရီဝန်းကျင်တွင် စစ်ကောင်စီတပ် ၅၅ တပ် သား ၅၅ ဦးခန့်နှင့် ဒေသ | နေအိမ် ၁ လုံး ဝင်ရောက်ရှာဖွေခံရ ပြီး မီးလောင် |

| | | | | |
|---|---|---|---|---|
| | | | ခံပြည်သူ့စစ်များ အိမ် ၁ လုံးကို ဝင်ရောက်ကာ ပိုင်ဆိုင်မှု ပစ္စည်းများ လုန်လှောရှာပြီး မီးရှို့ | |
| ၁၂ | ၂၀၂၃ စက်တင်ဘာလ | လွှစင်ကျေးရွာ နမ့်ခုံးအုပ်စု ရွှာင်မြို့နယ် | နေ့လည် ၁ နာရီဝန်းကျင်တွင် စစ်ကောင်စီတပ်မ ၅၅ တပ်သား ၅၅ ဦးခန့်နှင့် ဒေသခံပြည်သူ့စစ်များ အိမ် ၁ လုံးကို ဝင်ရောက်ကာ ပိုင်ဆိုင်မှု ပစ္စည်းများ လုန်လှောရှာပြီး မီးရှို့ | နေအိမ်၁လုံး ဝင်ရောက်ရှာဖွေခံရ ပြီး မီးလောင် |
| ၁၃ | ၄.၁၁.၂၀၂၃ | နွားဘန်းကြီးရွာ ရွှာင်မြို့နယ် | စစ်ကောင်စီတပ်မ ၅၅ တပ်သားများ ကျေးရွာ အနီး လယ်ကွက်ရှိ ရွာသားများ၏ တဲကိုမီးရှို့ | ကျပ် သိန်း ၅၀ တန်ဖိုးရှိ လယ်ယာသုံး အသုံးအဆောင်ပစ္စည်း အပါအဝင် တဲ ၅ လုံး မီးလောင် |
| ၁၄ | ၂၁.၁၁.၂၀၂၃ | မြို့ကုန်းရပ် ရွှာင်မြို့နယ် | ည ၈ နာရီဝန်းကျင်တွင် စစ်ကောင်စီတပ်သား များ၊ | နေအိမ် ၁ လုံး ဖောက်ထွင်းလုယူခံရ ပြီး |

| | | | | |
|---|---|---|---|---|
| | | | ရဲများနှင့် ပြည်သူ့စစ်များ နေအိမ် ၁ လုံးကို ဖောက်ထွင်းလုယူကာ မီးရှို့ | မီးလောင်၊ ဆိုင်ကယ် ၂ စီး မီးလောင် |
| ၁၅ | ၇.၁.၂၀၂၄ | ပက်ချောင်းရွာသစ် ရွာငံမြို့နယ် | စစ်ကောင်စီတပ်မ ၅၅ တပ်သားများနှင့် ပြည်သူ့စစ်များ ပေါင်း၍ ပင်လောင်းမြစ်အနီးရှိ တောတွင် စစ်ဘေးရှောင်များ ခိုလှုံနေသည့် ယာယီတဲများကို မီးရှို့ | တဲ ၂ လုံး မီးလောင်၊ နွား ၁ ကောင်သေ |
| ၁၆ | ၁၇.၃.၂၀၂၄ | ညောင်ပင်သာရွာ ကျောက်တောကျေးရွာ ရွာငံမြို့နယ် | စစ်ကောင်စီ တပ်မ ၅၅၊ တပ်မ ၉၉ တပ်သားများ ရွာသို့ဝင်လာသဖြင့်ရွာသားများ ကြောက်လန့် ထွက်ပြေး၊ စစ်သားများ နေအိမ် ၁၀လုံး၊ ဘုန်းကြီး ကျောင်း ၁ကျောင်း၊ ဆိုင် ၁ ဆိုင်ကို | နေအိမ် ၁၀ လုံးကျော်၊ ဘုန်းကြီးကျောင်း ၁ ကျောင်း၊ ဆိုင် ၁ ဆိုင် မွှေနှောက် လုယူခံရ၊ အမျိုးသမီး ၁ ဦး မီးဖွားစဉ် သေဆုံး |

| | | | | |
|---|---|---|---|---|
| | | | မွေနှောက် ရှာဖွေပြီး ပစ္စည်းများ လုယူ၊ ကိုယ်ဝန်ဆောင် အမျိုး သမီး ၁ ဦး ထွက်ပြေးတိမ်း ရှောင် စဉ် မီးဖွားရသဖြင့် သေဆုံး | |
| ၁၇ | ၇.၅.၂၀၂၄ | မျှားကလေးရွာ ရွှာင်မြို့နယ် | စစ်ကောင်စီတပ်မ ၅၅ တပ်သားများနှင့် ဒေသခံပြည်သူ့စစ်များ အိမ်တစ်အိမ်မှ အိမ်ရှင် ၁ ဦးကို ရက် စက်စွာနှိပ်စက်၊ ပိုက်ဆံ များ ခိုးယူပြီး နေအိမ် ၂ လုံးကို မီးရှို့ | နေအိမ် ၂ လုံး ဖောက်ထွင်းလုယူခံရ၊ အသက် ၆၆ နှစ်အရွယ် အိမ်ရှင်အမျိုးသား ၁ ဦး ရိုက်နှက်ခံရ |
| ၁၈ | ၂၂.၁၂.၂၀၂၄ | မင်းပလောင်ကျေးရွာ ရွှာင်မြို့နယ် | စစ်ကောင်စီတပ်မ ၅၅ တပ်သား ၁၀၀ ဦးခန့် တစ်ရွာလုံးကို မီးရှို့ | နေအိမ် ၁၇၀ လုံး မီးလောင် |

| | | |
|---|---|---|
| | စုစုပေါင်း ပျက်စီးဆုံးရှုံးမှု | - နေအိမ် ၂၀၅ လုံး၊<br>- တဲ ၇ လုံး၊<br>- ဆိုင် ၁ ဆိုင်၊<br>- ဆိုင်ကယ် ၂ စီး နှင့် လယ်ယာသုံး ပစ္စည်းများ မီးလောင်၊<br>- နေအိမ် ၂၀ လုံး ကျော်၊<br>- ဘုန်းကြီးကျောင်း ၁ ကျောင်း၊<br>- ဆိုင် ၁ ဆိုင် ဖောက်ထွင်းလုယူခံရ |

# ၅ | မတရားဖမ်းဆီးမှုများ၊ ညှင်းပန်းနှိပ်စက်မှုများနှင့် သတ်ဖြတ်မှု များ (၂၀၂၃ ခုနှစ် မတ်လ - ၂၀၂၄ ခုနှစ် နိုဝင်ဘာလ)

SHRF စုဆောင်းထားသော အချက်အလက်များအရ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း စစ်ကောင်စီ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကိုခံရသော ရှာင်ဒေသခံ ကျေးရွာသား ၃၀၀ ဦးအနက် ၁၀၀ ကျော်မှာ လက်ရှိအချိန်အထိ ထိန်းသိမ်းခံရဆဲဖြစ်ပြီး အချို့ကိုတရားစီရင်ပြီးဖြစ်၍ အချို့မှာ အမှုရင်ဆိုင်နေရသည်။

စစ်ကောင်စီတပ်သားများနှင့် ရဲများသည် မကြာခဏဆိုသလို ရက်စက်ကြမ်းကြုတ်သော စစ်ဆေးနည်းများကိုအသုံးပြု၍ ဖမ်းဆီးခံရသူများထံမှ PDF များ၏ သတင်းအချက်အလက်များကို စစ်ဆေးလေ့ရှိသည်။ ဖမ်းဆီးခံရစဉ်အတွင်း သေဆုံးသည်အထိ ညှင်းပန်းနှိပ်စက်ခံရမှုများနှင့် ပျောက်ဆုံးသွားမှုများနှင့်ပက်သက်သော ဖြစ်စဉ်ငါးခုကို မိမိတို့မှ မှတ်တမ်းပြုစုထားသည်။

၂၀၂၃ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် စစ်ကောင်စီတပ်သားများသည် ကျောက်ဂူပြင်ကျေးရွာမှ ကျေးရွာသား ၉ ဦးကို PDF များနှင့် အဆက်အသွယ်ရှိသည်ဟုဆိုကာ ဖမ်းဆီးခဲ့ပြီး ရှာင်ရဲစခန်းတွင် စစ်ဆေးခဲ့သည်။ ဖမ်းဆီးခံရသူတစ်ဦးဖြစ်သည့် အသက် ၃၆ နှစ်အရွယ် ကိုသိန်းထွန်း ရှာင်ပြည်သူ့ဆေးရုံတွင် မတ်လ ၂၈ ရက်နေ့ညက သေဆုံးကြောင်းကို ၎င်း၏မိသားစုသည် သတင်းရရှိခဲ့သည်။ သူ၏ မျက်နှာ၊ လည်ပင်းနှင့် ခြေလက်တို့တွင် ပြင်းထန်စွာရိုက်နှက်ထားသော ဒဏ်ရာများကို မိသားစုက တွေ့ရှိခဲ့ရသည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် စစ်ကောင်စီတပ်သားများက လွစင်ကျေးရွာမှ အသက် ၅၂ နှစ်အရွယ် ဦးဝင်းမောင်ကို PDF များ


အားထောက်ပံ့သည်ဟုစွပ်စွဲကာ ဖမ်းဆီးခဲ့ ပြီး စစ်ဆေးရန်အတွက် ခေါ်ဆောင်သွားသည်။ စစ်ကောင်စီကသူသည် ဇူလိုင်လ ၂ ရက်နေ့က စစ်ကြောရေးအတွင်း သေဆုံးခဲ့သည်ဟု အကြောင်းကြားသော်လည်း သူ၏ရုပ်အလောင်းကို ပြန်မပေးခဲ့ပါ။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်နေ့တွင် စစ်ကောင်စီတပ်သားများသည် ပဲရင်းတောင်ကျေးရွာမှ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးဖြစ်သည့် မပိုးကို ဖမ်းဆီးခဲ့ ပြီး ရွာင်းရဲစခန်းတွင် သူမအားစစ်ဆေးခဲ့သဖြင့် သူမ၏ကိုယ်ဝန်ပျက်ကျခဲ့ရသည်။ နောက်နေ့တွင် စစ်ကောင်စီတပ်သားများသည် သူများအားပြန်လွှတ်ပေးခဲ့သည်။

၂၀၂၄ ခုနှစ် မေလ ၂၉ ရက်နေ့တွင် စစ်ကောင်စီတပ်သားများသည် ရနဲ ကျေးရွာမှ ရွာသူကြီး ဦးအောင်ဝင်းနှင့် ဒေသခံ ကိုအောင်ကျော်ဝင်းကို PDF များနှင့် အဆက်အသွယ်ရှိသည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့သည်။ ၎င်းတို့နှစ်ဦးဖမ်းဆီးခံရသည့်အချိန်မှစ၍ စစ်ကောင်စီတပ်သားများသည် ဥပဒေအရ တရားစွဲခြင်းသော်လည်းကောင်း၊ ထောင်ချခြင်းသော်လည်းကောင်း မပြုလုပ်ပဲ သူတို့၏အကြောင်းကို သဲလွန်စမကျန်အောင် ဖျောက်ဖျက်ထားသည်။

၂၀၂၃ခု နှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် စစ်ကောင်စီတပ်သားများသည် မြတ်ခါအင်းကျေးရွာအနီးရှိ တောတွင်ရှိသော သစ်ခွဲစက်သို့ ဆိုက်ကယ်များဖြင့် ရောက်ရှိလာသည်။ ၎င်းတို့သည် ရွာင်မြို့နယ်ရှိ ထိုသစ်ခွဲစက်မှ မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ သံတော်ကျေးရွာသူ ဒေါ်သင်းသင်းနှင့်အတူ အလုပ်လုပ်နေသော အမျိုးသား ၄ ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် မိတ္ထီလာမြို့နယ်ရှိ တပ်မ ၉၉ စစ်ကြောရေးစခန်းသို့ ပို့ဆောင်ခံခဲ့ရသည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့၌ ဒေါ်သင်းသင်းသည် စစ်ကြောရေးအတွင်း သေဆုံးခဲ့သည်။

**စစ်ကောင်စီ၏ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများကြောင့် ဖြစ်ပေါ်ခဲ့သော သေဆုံးမှုများနှင့် ပျောက်ဆုံးမှုများ**
**(မတ်လ ၂၀၂၃ - နိုဝင်ဘာလ ၂၀၂၄)**



| ရှာင်မြို့နယ်တွင် စစ်ကောင်စီတပ်သားများ၏ ဖမ်းဆီးနှိပ်စက်မှုများကြောင့် ပျောက်ဆုံးမှုနှင့် သေဆုံးမှုစာရင်း (၂၀၂၃ခုနှစ် မတ်လ - ၂၀၂၄ခုနှစ် နိုဝင်ဘာလ) | | | | |
|---|---|---|---|---|
| စဉ် | ရက်စွဲ | ဖမ်းဆီးခံရသည့်နေရာ | နှိပ်စက်မှု | ကျူးလွန်ခံရသူ |
| ၁ | ၂၃.၃.၂၀၂၃ | ကျောက်ဂူပြင်ရွာ ရှာင်မြို့နယ် | စစ်ကောင်စီ တပ်သားများ၏ ဖမ်းဆီးခြင်းကိုခံရပြီးရှာင်ရဲစခန်းတွင် သေသည်အထိ နှိပ်စက်ခံရ | ကိုသိန်းထွန်း၊ ကျား၊ အသက် ၃၆ နှစ် |
| ၂ | ၃၀.၆.၂၀၂၃ | နန်းခုံရွာ ရှာင်မြို့နယ် | စစ်ကောင်စီတပ်သားများ၏ ဖမ်းဆီးခြင်းခံရပြီး စစ်ကြောရေးတွင် သေဆုံး | ဦးဝင်းမောင်၊ ကျား၊ အသက် ၅၂ နှစ် |
| ၃ | ၂၉.၉.၂၀၂၃ | ပဲရင်းတောင်ရွာ ရှာင်မြို့နယ် | စစ်ကောင်စီ တပ်သားများ၏ ဖမ်းဆီးခြင်းခံရ၊ ရှာင်ရဲစခန်းစစ်ကြောရေးတွင် | မပိုး၊ မ |

| | | | | |
|---|---|---|---|---|
| | | | လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရ | |
| ၄ | ၂၉.၅.၂၀၂၄ | ရနဲကျေးရွာ ရွှာင်မြို့နယ် | စစ်ကောင်စီ တပ်သား များ၏ ဖမ်းဆီးခြင်းခံ ရပြီး ပျောက်ဆုံး | ဦးအောင်ဝင်း၊ ကျား နှင့် ဦးအောင်ကျော်ဝင်း၊ ကျား |
| ၅ | ၂၂.၁၁.၂၀၂၄ | မျက်ခါးအင်းကျေးရွာအနီး ရှိတောတွင်း သာစည်မြို့နယ် | စစ်ကောင်စီ တပ်သား များ၏ ဖမ်းဆီးခြင်း ခံရပြီး မိတ္ထီလာအခြေ စိုက်တပ်မ ၉၉ စစ် ကြောရေး၌ ၂ ရက် အကြာတွင် သေဆုံး | ဒေါ်သင်းသင်း၊ မ |

# ၆ | စစ်ကောင်စီတပ်သားများ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

SHRF သည် ၂၀၂၃ ခုနှစ်တွင် ရှာင်းမြို့နယ်၌ ဖြစ်ပွားခဲ့သည့် စစ်ကောင်စီတပ်သားများ၏ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်သော ဖြစ်စဉ်နှစ်ခုကို မှတ်တမ်းပြုစုထားသည်။

၂၀၂၃ ခုနှစ် မေလ ၃ ရက်နေ့နှင့် ၄ ရက်နေ့တွင် ရှာင်းမြို့နယ်ဘက်မှ ရှာင်-သာစည်နယ်စပ် တောအတွင်းသို့ စစ်ကြောင်းထိုးလာသော စစ်ကောင်စီစစ်ကြောင်းနှင့် ဒေသခံကာကွယ်ရေး တပ်ဖွဲ့တို့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီတပ်သည် မေလ ၆ ရက်နေ့တွင် မျက်ခါးအင်းကျေးရွာသို့ ရောက်ရှိလာခဲ့သည်။ မျက်ခါးအင်းကျေးရွာသို့မရောက်မီ မနက်အစောပိုင်းတွင် စစ်ကောင်စီတပ်သားများသည် တောထဲတွင် စစ်ဘေးရှောင်နေရသော ရွာခံအမျိုးသမီးငယ် ၃ ဦးကို စစ်ကောင်စီတပ်သားများမှ အုပ်စုလိုက်အဓမ္မကျင့်ခဲ့ကြသည်။

ထို့နောက်စစ်ကောင်စီတပ်သားများသည် တောထဲမှထွက်ခွာသွားခဲ့ကြပြီး တောထဲတွင်ငိုယိုနေသော အမျိုးသမီးငယ်တို့ကို ရွာသားများကတွေ့ရှိခဲ့ကြသည်။ အဆိုပါနေရာအနီးတွင် အမျိုးသမီးအတွင်းခံများကိုလည်းတွေ့ရှိခဲ့ကြပြီး အမျိုးသမီးငယ်တစ်ဦးမှ သူမ၏မိသားစုကိုပြန်လည်ပြောကြားချက်အရ စစ်ကောင်စီတပ်သား ၆ ဦးမှ ၎င်းတို့ကိုအဓမ္မကျင့်ခဲ့ကြကြောင်းသိရသည်။

မမိုးမိုးသည် အသက် ၂၃ နှစ်အရွယ် ရှာင်းဒေသခံစစ်ရှောင် ကူညီသူတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် စစ်ကောင်စီတပ် တပ်မ ၅၅ မှနေအိမ်သို့လာရောက်ဖမ်းဆီးသွားခြင်းကိုခံခဲ့ရသည်။ ထို့နောက် ရှာင်းရဲစခန်းသို့ဖမ်းဆီးခေါ်ဆောင်သွားခြင်းကိုခံခဲ့ရပြီး စစ်ကောင်စီ

တပ်သားများမှ သူမအားနည်းမျိုးစုံဖြင့်ရိုက်နှက်နှိပ်စက်ခဲ့သည်။ ထို့အပြင်ထိုစဉ်က သူမနှင့်အတူဖမ်းဆီးခဲ့ရပြီး ပြန်လည်လွတ်မြောက်လာသူ အမျိုးသမီး၏ပြောကြားချက်အရ စစ်ကောင်စီတပ်သားများသည် မမိုးမိုး၏ အမျိုးသမီးအင်္ဂါအတွင်းတို့ ပြင်ပပစ္စည်းများဖြင့် ထိုးသွင်းမှုများ၊ ရင်သားအား ရိုက်နှက်မှုများကို ပါပြုလုပ်ခဲ့သည်ဟု သိရသည်။ ရွာင်ရဲစခန်းသည် အချို့သောအကျဉ်းသူများက ၄င်းတို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်းမပြုပါက အမျိုးသမီးလစဉ်သုံးပစ္စည်းများဝယ်ယူခွင့်ကို ပိတ်ပင်တတ်ကြောင်း သိရသည်။

**စစ်ကောင်စီတပ်သားများ လိင်အကြမ်းဖက်မှု ကျူးလွန်ခဲ့သည့် နေရာများ**
**(မတ်လ - နိုဝင်ဘာလ ၂၀၂၃)**



| ရှာင်မြို့နယ်တွင် စစ်ကောင်စီတပ်သားများ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု | | | | |
|---|---|---|---|---|
| စဉ် | ရက်စွဲ | ကျူးလွန်ခံရသည့် နေရာ | ကျူးလွန်မှု | ကျူးလွန်ခံရသူ |
| ၁ | ၆.၅.၂၀၂၃ | မျက်ခါးအင်းကျေးရွာ သာစည်မြို့နယ် | စစ်ကောင်စီ တပ်မ ၅၅ တပ်သား ၆ ဦးက တောထဲတွင် ပုန်းနေသော စစ်ရှောင်မိန်းကလေး ၃ ဦးကို အုပ်စုဖွဲ့ မုဒိန်းကျင့် | မိန်းကလေး ၃ ဦး၊ ၁၆ နှစ်၊ ၁၈ နှစ်၊ ၁၈ နှစ် |
| ၂ | ၂၀၂၃ | ရှာင်ရဲစခန်း | စစ်ကောင်စီ တပ်မ ၅၅ တပ်သားများက စစ်ကြောရေးတွင် အမျိုးသမီး ၁ ဦး၏ ရင် ဘတ်ကို ခါးပတ်ဖြင့် ရိုက် နှက်ပြီး အမျိုးသမီး အင်္ဂါအ တွင်းသို့ နံပါတ်တုတ် ထိုးသွင်း | ၂၃ နှစ်အရွယ် အမျိုးသမီး ၁ ဦး |

# ၇ | ရှာငံမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု များနှင့် လက်နက်ကြီးပစ်ခတ်မှုများ

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ရပ်စောက်မြို့နယ်၊ ကျောက်ဂူကျေးရွာနှင့် အင်တောကျေးရွာအနီးတဝိုက်တွင် စစ်ကောင်စီတပ်သားများနှင့် ဓနုအမျိုးသားလွတ်မြောက်ရေးတပ်မတော် (DPLA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ DPLA သည် နောင်ချိုမြို့နယ်တောင်ပိုင်း၊ တောင်းခမ်းတွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် မန္တလေး PDF တို့နှင့်အတူ စစ်ကောင်စီတပ်ကို တိုက်ခိုက်ခဲ့ပြီး ရပ်စောက်မြို့နယ်မြောက်ပိုင်း၊ တောင်ခမ်းနှင့်ဆက်သွယ်ထားသော လမ်းမကြီးတလျှောက်ရှိ စစ်ကောင်စီတပ်စခန်းများကို တိုက်ခိုက်ခဲ့သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့ မွန်းတည့်ချိန်တွင် စစ်ကောင်စီသည် ကျောက်ဖြူကျေးရွာကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သဖြင့် တောင်းခမ်းနှင့်နောင်ချိုဆက်သွယ်ထားသော လမ်းမကြီးပေါ်ရှိ ကျောက်ဂူတံတား ပျက်စီးခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျောက်ဂူကျေးရွာတောင်ပိုင်းရှိ တောင်ထိပ်ကျေးရွာတွင် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ထို့နောက် စစ်ကောင်စီအမြောက်တပ် အမတ ၃၄၉ စခန်းမှ တပ်သားများသည် အင်တောကျေးရွာကို လက်နက်ကြီးများဖြင့် တရားလက်လွတ်ပစ်ခတ်ခဲ့သဖြင့် နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှ ၁၆ ရက်နေ့အတွင်း ကျောက်ဂူကျေးရွာနှင့်ခဲကြား ကျေးရွာတို့တွင် စစ်ကောင်စီတပ်နှင့် DPLA အကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စစ်ကောင်စီတပ်က လက်လွတ်စပယ်ပစ်ခတ်လိုက်သော လက်နက်

ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ကျောက်ဂူကျေးရွာမှ ရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်၂ လုံး ထိခိုက်ပျက်စီးခဲ့သည်။

ဇန်နဝါရီလ ၁၆ ရက်နေ့ နေ့လည် ၁၂:၃၇ နာရီ မှ ၁:၂၀ နာရီအတွင်း စစ်ကောင်စီက လေယာဉ်ဖြင့် ဗုံး ၃၁ လုံးကြဲချခဲ့ပြီး ညနေ ၄ နာရီ တွင် နောက်ထပ် ဗုံး ၂၅ လုံး ကြဲချခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုကြောင့် ကျောက်ဂူကျေးရွာမှ ကျေးရွာသား ၃ ဦးသေဆုံးခဲ့ရပြီး ၁၃ ဒဏ်ရာရရှိကာ နေအိမ် ၈ လုံး ထိခိုက်ပျက်စီးခဲ့သည်။

ဇန်နဝါရီလ ၂၀၂၅ တွင် ရပ်စောက်မြို့နယ်နှင့် ရွာငံမြို့နယ်တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့်ဖြစ်ပေါ်ခဲ့သော အရပ်သား ထိခိုက်သေဆုံးမှု/ အပျက်အစီးများ



ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရှာင်အနောက်ဘက်တောင်များရှိ ပတ်ချောင်းကျေးရွာသစ်ကို စစ်ကောင်စီက လေယာဉ်ဖြင့် ဗုံးတစ်လုံး ကြဲချခဲ့ပြီး တပ်မ ၉၉ မှ ဒရုန်းများဖြင့် ဗုံးနှစ်လုံး ကြဲချခဲ့သဖြင့် နေအိမ်သုံးလုံးပျက်စီးခဲ့သည်။ ပတ်ချောင်းရွာသစ်သည် ၁၉၈၅ ခုနှစ်က အကောင်အထည်ဖော်ခဲ့သော ကင်းတားရေအား လျှပ်စစ်စီမံကိန်းကြောင့် နစ်မြုပ်သွားသော ဒေသများမှ ပြန်လည်ရွှေ့ပြောင်းနေထိုင်လာကြသောရွာဖြစ်သည်။



*တောအတွင်းရှိပက်ချောင်းစစ်ရှောင်စခန်း*

| ရှာငံမြို့နယ်နှင့် ရပ်စောက်မြို့နယ်တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် အရပ်သားထိခိုက်သေဆုံးမှု စာရင်း (၂၀၂၅ ဇန်နဝါရီလ) | | | | | | | | |
|---|---|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | ကျေးရွာ၊ မြို့နယ် | ဖြစ်စဉ် | အရပ်သား သေဆုံးမှု | | အရပ်သား ထိခိုက်ဒဏ်ရာရမှု | | သိရသော အရပ်သား ပိုင်ဆိုင်မှု ပျက်စီးမှု |
| | | | | သိရသော အချက် အလက် | အရေ အတွက် | သိရသော အချက် အလက် | အရေ အတွက် | |
| ၁ | ၄.၁.၂၀၂၅ | ကျောက်ဂူ ကျေးရွာ ရပ်စောက် | စစ်ကောင်စီ အမြောက်တပ် အမတ ၃၄၉ မှ ကျေးရွာအတွင်းသို့ လက်နက်ကြီးပစ် | | | | | နေအိမ် ၅ လုံး ပျက်စီး |
| ၂ | ၁၅.၁.၂၀၂၅ | ကျောက်ဂူ ကျေးရွာ ရပ်စောက် | စစ်ကောင်စီ အမြောက်တပ်အမတ ၃၄၉ မှ ကျေးရွာအ | | | ကျား ၁ | ၁ | နေအိမ် ၂ လုံး ပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | တွင်းသို့ လက်နက်ကြီးပစ် | | | | | |
| ၃ | ၁၆.၁.၂၀၂၅ | ကျောက်ဂူ ကျေးရွာ ရပ်စောက် | မွန်းလွဲ ၁ နာရီတွင် စစ်ကောင်စီက လေကြောင်းမှ ဗုံး ၃၁ လုံးကြဲ၊ ညနေ ၄ နာရီတွင် နောက်ထပ် ဗုံး၂၅ လုံးကြဲ | | ၃ | | ၁၃ | နေအိမ် ၈ လုံး ပျက်စီး |
| ၄ | ၃၁.၁.၂၀၂၅ | ပက် ချောင်းရွာ သစ် ရှာင် | စစ်ကောင်စီက လေယာဉ်နှင့် ဒရုန်းများဖြင့် ဗုံးကြဲ | | | | | နေအိမ် ၃ လုံး ပျက်စီး |
| | **စုစုပေါင်း** | | | | **၃ ဦး သေဆုံး** | | **၁၄ ဦး ဒဏ်ရာရ** | **နေအိမ် ၁၈ လုံး ပျက်စီး** |

# ၈ | လူ့အခွင့်အရေးချိုးဖောက်ခံရသူများနှင့် မျက်မြင်သက်သေတို့၏ ထွက်ဆိုချက်များ

**(က) မီးရှို့မှု**

**ကျူးလွန်ခံရသူ၏ ထွက်ဆိုချက်:** အမျိုးသား၊ အသက် ၃၄ နှစ်
**မီးရှို့ခံသည့်နေရာ:** လွစင်ကျေးရွာ၊ နမ့်ခုံးကျေးရွာအုပ်စု၊ ရွှာင်မြို့နယ်
**မီးရှို့သည့်ရက်စွဲ:** ၂၀၂၃ ခုနှစ် ဩဂုတ်လ

ဖြစ်စဉ်က အဓိကကကသတင်းပေါက်သွားတာ။ ကျနော် PDF ထဲဝင်တယ်ဆိုပြီး။ ၂၀၂၃ ခုနှစ်ထဲမှာပဲ ။ ၈ လပိုင်းပေါ့။ အေးနေ့က ည ၉ နာရီလောက်ကြီး ။ တပ်မ ၅၅ ရယ် ပျူစောထီးရယ် ပူးပေါင်းအဖွဲ့ဗျ။ အင်အားက ၆၀ လောက်ရှိမယ်။ ရွာထိပ်မှာ ၅၀ လောက်ကကျန်ခဲ့ပြီး ကျန်တဲ့ ၁၀ ယောက်လောက်က ကျနော်အိမ်လာပြီး မီးရှို့သွားတာ။ မဝင်ခင် ခြံထဲမှာ သေနက် ၁ ချက် ဖောက်သေးတယ်။ ပြီးမှ မီးရှို့တာ။ ကျနော်တို့မရှိလို့ပေါ့။ ရှိရင် ဆရာနဲ့ ဘယ်စကားပြောဖြစ်မလဲဆရာရယ် သေပြီပေါ့ ၊ ကျနော်အိမ်က ၂ ထပ်အိမ်ပါ။

---

**(ခ) မီးရှို့မှု**

**ကျူးလွန်ခံရသူ၏ ထွက်ဆိုချက်:** အမျိုးသား၊ အသက် ၃၄ နှစ်
**မီးရှို့ခံသည့်နေရာ:** လွစင်ကျေးရွာ၊ နမ့်ခုံးကျေးရွာအုပ်စု၊ ရွှာင်မြို့နယ်
**မီးရှို့သည့်ရက်စွဲ:** ၂၀၂၃ခုနှစ် စက်တင်ဘာလ

အိမ်မီးရှို့ခံရတာ။ အိမ်က ၂ ထပ်အိမ်ပါ။ သတင်းပေါက်တာ။ ကျနော်က PDF ထဲဝင်တယ်ဆိုပြီး တယောက်ယောက်က တိုင်လို့ထင်တယ်။ ၂၀၂၃ ထဲမှာ။ စက်တင်ဘာလထဲပဲ ရက်ကကျနော်မမှတ်မိလို့။ နေ့ခင်းဘက် ၁၁ နာရီအချိန်လောက်ပေါ့။ မီးရှို့တဲ့အဖွဲ့က ကလောတပ်ဗျ တပ်မ ၅၅။ ပျူလည်းပါတယ်။ သူတို့ပူးပေါင်း အဖွဲ့က အဲ့နေ့ ၁၁ နာရီလောက်မှာ ကျနော်တို့ရွာလာပြီး ကျနော်အိမ်မီးရှို့သွားတာ။ ခဏခဏလာတယ်ဆရာ။ အဲ့ရှေ့လကလည်း ရွာထဲက အိမ်တွေမီးရှို့သေးတယ်။

---

## (၈) မီးရှို့မှုနှင့် အိမ်မွေးတိရိစ္ဆာန်များခိုးမှု

| | |
|---|---|
| **ကျူးလွန်ခံရသူ၏ ထွက်ဆိုချက်:** | အမျိုးသား၊ ကျေးရွာသား |
| **မီးရှို့ခံသည့်နေရာ:** | ပတ်ချောင်းရွာသစ်၊ ပန်းလောင်မြစ်အနီး၊ ရွှာင်မြို့အနောက်ဖက် |
| **မီးရှို့သည့်ရက်စွဲ:** | ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၇ ရက် |

၂၀၂၄ ခုနှစ် ၁ လပိုင်း ၇ ရက်နေ့က ကျနော်တို့ဘက်ကို စစ်ကြောင်းထိုးပါတယ်။ ထိုးရတဲ့အကြောင်းက အရင်တခေါက်စစ် ကြောင်းမှာ သူတို့က ကျနော်တို့လှေတွေဖမ်း သွားလို့ဆိုပြီး ဒီဘက်ကတော်လှန်ရေး အဖွဲ့တွေက သူတို့ရုံးတွေကိုပြန်ပြီးမီးရှို့ လှေတွေပြန်ယူလုပ်ပေးခဲ့လို့ပါ။ အဲ့စစ်ကြောင်းမှာ တပ်မ ၅၅ ရယ် သဲဖြူချောင်းတပ်ရယ် ပျူတွေရယ်ပေါင်းပြီးလာတာပါ။ ဒီဘက်ကတော်လှန်ရေး သမားတွေနဲ့တိုက်ပွဲမဖြစ်လိုက်ပါဘူး။ အဲ့တုန်းက ခြင်ကိုက်ကုန်းက ပြည်သူနေတဲ့တဲတွေကို မီးရှို့သွားတာပါ။ အကြောင်းပြချက် မရှိပါဘူး။ အဲ့တဲပိုင်ရှင်တွေကလည်း သူတို့ဟာသူတို့ တံငါလုပ်စားနေ ကြတဲ့သူတွေပါ။ တဲ ၂ လုံးပါ။ မီးရှို့သွားတာ။ နောက်နေ့ ၈ ရက်နေ့ကျတော့ ငသီတီကျွန်းက ပိုင်ရှင်ဦးကျော်ရဲ့ နွား၂ ကောင်ကို သတ်စားသွားပါတယ်။ ၁ ကောင်က ဖီးနဲ့ပါ။ ၃ ကောင် ပေါ့ ဖီးနဲ့ဆိုတော့။ နွားမကြီးဝမ်းထဲက ၁ ကောင်၊ နွားမကြီး ၂ ကောင်။ ခန်းမှန်းချေ ဦး

ကျော်က ၁၅ သိန်းခန့် ဆုံးရှုံးပါတယ်။ ဦးကျော်ကော စောနကမီး ရှို့ခံရတဲ့တဲ ပိုင်ရှင်ကောက သူတို့ဟာသူတို့ တံငါလုပ်လိုက်မီးသွေး ဖုတ်လိုက်နဲ့ပဲ အေးအေးဆေးဆေးနေကြတာပါ။ တော်လှန်ရေးအဖွဲ့ ထဲကလည်းမဟုတ်ပါဘူး။ ထောက်ပံ့ရအောင်လည်း သူတို့တောင် ဆင်းရဲနေတာ။ သာမန်ပြည်သူပါ။ ပြောရရင် သက်သက်အနိုင်ကျင့် တာပေါ့ဗျာ။

---

## (ဃ) ပိုင်ဆိုင်မှုများ ဖျက်ဆီးခြင်းနှင့် ဖောက်ထွင်းလုယူခြင်း

| | |
|---|---|
| **ကျူးလွန်ခံရသူ၏ ထွက်ဆိုချက်:** | အမျိုးသား၊ ကျေးရွာသား၊ အသက် ၃၇ နှစ် |
| **ကျူးလွန်ခံရသည့်နေရာ:** | ကျောက်တော်နှင့် ညောင်ပင်သာကျေးရွာ |
| **မီးရှို့သည့်ရက်စွဲ:** | ၂၀၂၄ ခုနှစ် မတ်လ ၁၇ ရက် |

ကျနော်တို့ရွာကို 17.3.2024 ရက်မှာ စစ်မှုထမ်းစုဆောင်း ရေးကိစ္စ နဲ့ပက်သက်ပြီး စစ်ကြောင်းထိုးလာ ပါတယ် ။ တပ်မ ၅၅ နဲ့ တပ်မ ၉၉ လက်အောက်ခံ ခမရ ၄၂၀ တပ်ကပါ။ ပျူစောထီးကော ပါပါ တယ်။ ကျောက်တောနဲ့ညောင်ပင်သာရွာ ၂ ရွာမှာ ၁ ရွာကို လူအ ယောက်၂၀ တောင်းတာပါ။ ရွာငံမြို့နယ်၊ ရန်အုပ်စု၊ ညောင်ပင်သာ ရွာအရှေ့ဘက်ရောက်တော့ ဒေသခံတော်လှန်ရေးအဖွဲ့တွေနဲ့ ထိ တွေ့တိုက်ပွဲဖြစ်ပြီး ကျနော်တို့ ကျောက်တောကျေးရွာနဲ့ညောင်ပင် သာရွာ ၂ ရွာလုံးပြေးရပါတယ်။ တစ်ချို့က သာစည်မြို့နယ်၊ ဖိုး သာနိုင်းကျေးရွာကို စစ်ဘေးရှောင်ပြီး ၊ တစ်ချို့က သာစည်မြို့နယ် သက္ကယ်ဒိတ်ကျေးရွာအနီးက စားကျက်မဘုန်းကြီးကျောင်းကို စစ် ဘေးရှောင်ရပါတယ်။ ညောင်ပင်သာရွာကအဲ့ဒီ ၂ နေရာကို ရှောင် တာများပါတယ်။ ကျနော်အပါအဝင် ဖိုးသာနိုင်းရွာကိုရှောင်တာက ၁၂၀ လောက်ရှိပါတယ်။ ကျောက်တော ရွာသားတွေကတော့ တော ထဲတွေမှာ ပုန်းနေရပါတယ်။ စစ်ခွေးတွေ ရွာပေါ်ရောက်တော့

ညောင်ပင်သာရွာထဲကဆန်တွေ၊ ဆီတွေ၊ အစရှိသဖြင့် အကုန်မွှေနှောက်ပြီးယူသွားပါတယ်။ ကြက်၊ ဘဲနဲ့ ဝက်တွေကိုသတ်စားသွားပါတယ်။ ကျောက်တောကိုရောက်တော့လည်း အကုန်မွှေသွားပါတယ်။ ကျောက်တောဘုန်းကြီးကျောင်းထဲက ဘုရားအလှူငွေ တွေကိုယူသွားပါတယ်။ ဘုန်းကြီးကျောင်းပေါ်မှာလည်း စစ်ဖိနပ်ရာတွေတွေ့ပါတယ်။ ဖိနပ်မချွတ်ပဲ ကျောင်းပေါ်တက်တာပါ။ ရွာလယ်ဈေးဆိုင်က ဈေးကုန်တွေလည်း အကုန်ဖျက်စီးသွားပါတယ်။ ဈေးဆိုင်က ၂၅ သိန်းခန့်ဆုံးရှုံးသွားပါတယ်။ ကျောက်တောရွာက ကိုယ်ဝန်သည် ၁ ဦး တောထဲမှာပုန်းရင်း မီးမဖွားနိုင်လို့ မိခင်ကော ကလေးပါ အသက်ဆုံးရှုံးသွားပါတယ်။ ခုချိန်ထိ ကျနော်တို့ရွာသားတွေ ဘယ်နေ့စစ်ခွေးတွေ ထပ်လာမလဲစိုးရိမ်နေရပြီး ညဆိုအိပ်မပျော်ပါဘူး။ တစ်ချို့ရွာသားတွေဆိုရင် ခုထိရွာပြန် မအိပ်ရဲကြသေးပါဘူး။

---

## (င) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

**ကျူးလွန်ခံရသူ၏ ထွက်ဆိုချက်:** ဖမ်းဆီးခံရသူအမျိုးသမီး
အသက် ၄၂ နှစ်
**ကျူးလွန်ခံရသည့်နေရာ:** ရွာင်ရဲစခန်း
**ကျူးလွန်သည့်ရက်စွဲ:** ၂၀၂၃ ခုနှစ်

ကျမက မမိုးမိုးထက်အရင်အဖမ်းခံရပြီးအချုပ်ထဲရောက် နေတာ။ ကျမတို့က နိုင်ငံရေးမှုဆိုတော့ ခွဲထားတယ်သူများတွေနဲ့။ သူ့ကိုဖမ်းခေါ်လာတဲ့နေ့ကဆို စုတ်ပြတ်နေတာဘဲ။ လမ်းမှာဖမ်း ရင်းနဲ့ရိုက်လာတာတဲ့။သူ့အပေါ်ထပ်အကျီဆိုပြဲပါပြဲတယ်။ နောက်ရက်ကျတော့ ညနေပိုင်းတိုင်းစစ်ကြောရေးဆိုပြီးတော့ သူ့ကိုလာခေါ်ထုတ်သွားတယ်။ ရဲချည်းဘဲမဟုတ်ဘူး။ စစ်ဝတ်စစ် စားနဲ့လဲပါတယ်။ စစချင်း ၃ ရက်ကတော့ သူအချုပ်ထဲပြန်ရောက်လာရင်ပုံမှန်ဘဲ။ လေးရက် မြောက်ရက်ကျတော့ ညတော်တော်နက်ပြီသူ့ကို ပြန်လာ

ပို့တာ။ သူငိုပြီးပြန်လာတယ်။ ကျမကမေး တော့မှ သူ့ရင်ဘတ်ကိုပြတယ်။ ရင်သားတွေကနီရဲပြီးအစင်းကြောင်းတွေနဲ့။ သူတို့မေးတာမဖြေလို့ အင်္ကျီချွတ်ပြီး ခါးပတ်နဲ့ရင်သားတွေကို ရိုက်တာတဲ့။ ပါးတွေလဲရိုက်တယ်ပြောတယ်။ နောက်ရက်တွေ မဖြေရင် သူ့ကိုတပ်ထဲကစစ်ကြောရေးပို့မယ်ပြောလာတယ်။ နောက်တနေ့ည ၅ ရက်မြောက်ကျတော့ နေ့ခင်းတည်းကလာခေါ်သွားတယ်။ ညဘက်ကျတော့ပြန်လာပို့တော့ သူကပျော့ခွေပြီး ရောက်လာပြီ။ မနက်ကိုသူ့ကို နေရာပြောင်းမယ်တဲ့။ကျမငိုပြီး သူဖြစ်တာတွေပြောပြခဲ့တယ် အဲ့တညလုံး။ သူ့ကိုလက်သီးနဲ့ ထိုးကျတယ်။ ပြီးတော့ချုပ်ပြီး အမျိုးသမီးပစ္စည်းထဲကို နံပါတ်တုတ်နဲ့ ထိုးတယ်။ သူတို့ မေးတာတွေထပ်မဖြေရင် နောက်ရက်တွေကျ မုဒိမ်းကျင့်မယ်လို့လဲ ပြောတယ်တဲ့။ အဲ့ညကသူ့ အင်္ကျီက သွေးတွေထွက်လို့ လုံချည်မှာလဲ သွေးတွေစွန်းတာတွေ့တယ်။ နောက်ရက် မနက်ကျသူ့ကို တခြားနေရာခေါ်ထုတ်သွားကြလို့ ကျမလဲဘာဆက်ဖြစ်လဲသေချာမသိဘူး။ ကျမတော့တစ်နှစ်ခွဲဘဲကျတာမို့ စောလွတ်ပြီးဒီဘက် ရောက်လာတာ။



*မင်းပလောင်ကျေးရွာတွင် စစ်ကောင်စီစစ်ကြောင်း*
*မှမီးရှို့ဖျက်ဆီးလိုက်သောအိမ်များ*